
ဂြိုးသဓ္ဓာ
နက္ခတ်မှားသောဘီလူးရုပ် နှင့်
ဘဝထဲမှ ဘဝများ

# နက္ခတ်မှားသောဘီလူးရုပ်နှင့် ဘဝထဲမှ ဘဝများ ဖြစ်ရပ်ဆန်းကြယ်ဘဝဒဿနဝတ္ထုတို

တစ်ကြောင်းတစ်ပါဒ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို၊ ထူန်းဆန်းမှု ပေါင်း များ စွာနဲ့ မယုံကြည်နိုင်လောက် အောင် အံ့သြဖွယ် ကောင်း သော အရပ်ဒေသတို့ မှာ လည်း များ စွာပင် ရှိပေသည် ။

မယုံကြည်သူများ လည်း ရှိကြသလို၊ တကယ်ပင်ကြုံတွေ့ပြီး၊ လက်တွေ့ ဘဝထဲမှာ ပင် နိမ့်ကျသော အတတ်တို့ ဖြင့် ပြုစားခြင်းခံရ သော တောကျကျ ကျေးလပ်ဒေသ ရွာလေးတို့ မှာ လည်း ယခု ထက်တိုင်အောင် ရှိလို့ နေကြပါသေးသည် ။ ထိုသို့သော အကြောင်းအ ရာများ ထဲတွင် ...

ကံကြမ္မာ အလှည့်အပြောင်းတွေရဲ့ အောက်ဝယ်၊ မာယာပရိယာယ် တွေကြား ရုန်းထွက် မရပါသော မမြင်နိုင်သည့် စွဲငင်အား တစ်ခုရယ် ကြောင့် ၊ လေအသုတ်မှာ ကြွေပြုတ်ခဲ့ရသည့် ပန်းကောင်းလေး တစ်ပွင့် ၏ ဘဝဖြစ်ရပ်မှန်များ နှင့် အတူ၊ နက္ခတ်မှားသော ဘီးလူရုပ်၏ ဒုက္ခ ပေးမှု လေးတွေကိုလည်း တင်ဆက်ရင်း ယခု ဇာတ်လမ်းလေးအား တင်ဆက် လိုက်ရခြင်း ဖြစ်ပါသည် ။

# အခန်း (၁)

လွန်ခဲ့သော ၂၀၀၆ ခုနှစ်လောက်က ကျွန်တော်တို့ သူငယ်ချင်းများသည် နယ်အသီးသီးမှ ရန်ကုန်သို့ တက်လာခဲ့ကြကာ အဆောင်များမှာ နေ၍ အလုပ်တစ်ဖက် သင်တန်း တစ်ဖက်ဖြင့် ရှိနေကြချိန် ဖြစ်ပါသည် ။

ထိုအထဲတွင် ကျွန်တော်နှင့် သွားအတူလာအတူ စားအတူ နေအတူ ရှိသော၊ ရန်ကုန်ရောက်မှ ပင် တစ်ယောက်ကို တစ်ယောက် ခင်မင်သိကျွမ်း ရင်းနှီးသော သူငယ်ချင်း တစ်ယောက် ရှိပေသည် ။

သူလည်း ရန်ကုန်က မဟုတ်သလို ကျွန်တော့်မှာ လည်း ရန်ကုန်သား မဟုတ်ချေ။ နှစ်ယောက်စလုံးမှာ နယ်မှ တက်လာသူများ သာ ဖြစ်ကြပါသည် ။

ဒီလိုနဲ့ သင်တန်းတွေတက်လိုက် အလုပ်တွေ လုပ်လိုက်ဖြင့် တစ်နေ့တော့ သူငယ်ချင်းဆီသို့ နယ်မှ လာသော စာလေးတွေ စာပို့သမား တစ်ယောက်မှ တစ်လကို နှစ်ကြိမ်လောက်တော့ ပုံမှန် လာလာ ပို့ပေးနေသည် ကို တွေ့ရပါလေသည် ။

ထိုသို့ နယ်မှ လာသော စာလေးတွေ သူဖတ်ပြီးချိန်တိုင်း ဆိုလျှင်

ပျော်ရွှင်နေတာကိုလည်း တွေ့မြင်နေရ၏။ အထဲမှာ ဘာစာတွေ ဆိုသည် ကိုတော့ မပြောတတ်၊ သို့သော် ခန့်မှန်းမိသလောက် ဆိုရလျှင် တော့ ဖအေနဲ့ မအေဆီမှ သားလေးကို လွမ်းလွန်းလို့ သာကြောင်းမာ ကြောင်း ရေးပို့လိုက်သည့် စာတော့ မဖြစ်နိုင်။ သူပျော်ရွှင်နေပုံတို့ ကို ထောက်ရှုခြင်းအားဖြင့်၊ နယ်မှာ ကျန်ရစ်ခဲ့သည့် ချစ်ရသူလေးဆီမှ လွမ်းဆွေးတတ သတိရနေကြောင့် စာသဝဏ်လွှာလေးတွေပဲ ဖြစ်လိမ့်မ ည်ဟု ကျွန်တော် နားလည် မိလိုက်ပါသည် ။

ကျွန်တော်တို့ မှာ က ဘယ်လောက်ပင် သူငယ်ချင်းအချင်းချင်း ရင်း ရင်းနှီးနှီးရှိရှိ၊ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေကြသူများ ဖြစ်လေသောကြော င့် ၊ တစ်ယောက်အကြောင်း တစ်ယောက် ကိုယ်ရေးကိုယ်တာ ကိစ္စဆို လျှင် မစပ်စုတတ် ကြပေ။

သူ့ဆီမှ လည်း တစ်ဖက်မှ စာလွှာလေးတွေ ရောက်လာသည့် အခါတိုင်း စာတိုက်ကို တစ်လတစ်ကြိမ်လောက် ပုံမှန်ဆိုသလို သွား သွားပြီး စာလေးတွေ ပြန်ပို့ နေတတ်မြဲ ဖြစ်ပါသည် ။

ဒီလိုနဲ့ ရက်မှ လသို့ ပြောင်း၍ သုံးလေးငါးလ လောက်တွင် တော့ သူ့ ဆီကို စာပုံမှန်လာခြင်း မရှိတော့ပေ။ တဖြည်းဖြည်းနဲ့ စာအလာ ကျဲလာ ကာ၊ နောက်ပိုင်းတွင် တော့ သူငယ်ချင်းမှာ တထွေထွေ တမှိုင်မှိုင်ဖြင့် သင်တန်း တက်တိုင်းမှာ လည်း စိတ်ပါဝင်စားခြင်း မရှိလာသလို၊ အ ဆောင်သို့ ပြန်လည်၍ ရောက်ရှိလာချိန်တွင် လည်း အရင်လို လန်းဆန်း တက်ကြွခြင်း မရှိ ဖြစ်လို့ နေပါသည် ။

တစ်နေ့သောအခါ ကျွန်တော်မှ ...

"ဟေ့ကောင် သူငယ်ချင်း မင်းကြည့်ရတာ ဘာတွေ ဖြစ်နေတာလဲ ကွာ၊ တထွေထွေ တမှိုင်မှိုင် ဖြစ်နေသလိုပဲ၊ ဘာကိစ္စတွေများ ရှိနေလို့

လဲ ငါ့ကို ပြောပြလို့ ရမယ်ဆိုရင် ပြောပြပါလား" ဟု ထိုသို့ ပြော လိုက်လေသောအခါ သူငယ်ချင်းသည် ကျွန်တော့ကို သေချာစွာ စိုက်ကြည့်ပြီး "ငါ မပြောချင်ပါဘူးကွာ သူငယ်ချင်းရာ၊ ငါ့ဘဝနဲ့ ငါပဲ ရှိပါစေတော့" ဟူသော သူ့ဆီမှ စကားသံ ထွက်ပေါ်လာပါသည် ။

"ဘယ်ဟုတ်ပါ့မလဲ သူငယ်ချင်းရာ၊ မင်းဘာဖြစ်နေတယ် ဆိုတာ ငါ သိရတော့ မင်းအတွက် လုပ်ပေးလို့ ရနိုင်မယ့်အရာ၊ ကူညီလို့ ရနိုင်မယ့် အရာဆိုလျှင်၊ ငါကူညီပေးချင်တာပေါ့ကွာ၊ မင်းဒီလိုကြီး ဖြစ်နေတာကို ငါမကြည့်ရက်ဘူး"

"ငါ့ရင်ထဲမှာ တောက်လောင် နေတဲ့ အပူမီးတွေ မင်းဆီကို မကူးဆပ် စေချင်လို့ ပေါ့ကွာ၊ ဒါကြောင့် ငါတစ်ယောက်တည်း ကြိတ်မှိတ် နေနေတာပေါ့"

"ဒါ ဆိုရင်တော့ မင်းဟာ အတ္တသိပ်ကြီးသွားပြီ၊ မင်းနဲ့ ငါ သွားအတူလာအတူ ဒီလောက် ရှိနေတဲ့ ငါလို လူကိုတောင်မှ မင်းခံစားချက်ကို ပြောမပြဘူးဆိုရင် မင်းဘယ်သူ့ကို ပြောပြမှာ လဲ၊ ငါထင်တာ မမှားဘူးဆိုရင် မင်းဆီကို စာတွေ မလာတော့တဲ့ အချိန်ကတည်းက မင်းငူတူတူ ငေါင်တောင်တောင် ဖြစ်သွားတယ် ဆိုတာကို ငါခန့်မှန်းမိနေသားပဲ သူငယ်ချင်းရာ၊ ဟုတ်တယ် မဟုတ်လား"

"အမှန်အတိုင်း မင်းကို ဝန်ခံရရရင် ဟုတ်တယ် သူငယ်ချင်း၊ ငါအငယ်ကတည်းက တစ်ရွာတည်းနေ တစ်ရေတည်းသောက်ပြီး ကြီးပြင်လာခဲ့တဲ့ ငါ့ရဲ့ ငယ်သူငယ်ချင်းလည်း ဟုတ်သလို ငယ်ချစ်ဦးလို့ ဆိုလျှင်လည်း မမှားဘူးပေါ့ကွာ"

"သူ့ဆီကနေ လာလာနေတဲ့ စာတိုင်းက ငါ့အတွက်တော့ ကမ္ဘာသစ်တစ်ခုကို ထူးထောင်နိုင်မဲ့ မျှော်စွမ်းအားတွေ ရရှိထားတဲ့ လူတစ်

ယောက်လို ခွန်အားတွေ ဖြစ်စေတယ်လေ၊ စာလေးတွေကို ဖတ်နေရလျှင် သူနဲ့ ဆုံတွေ့နေရ သလို အတူတူပဲ ရှိနေသလိုလို ငါ့စိတ် ငါ့နှစ်လုံးသားတွေ သူ့ဆီက လာတဲ့ စာလုံးလေးတွေရဲ့ ဆွဲငင်အားကြောင့် ဘယ်သူမှ မရှိတဲ့ လေဟာပြင် တစ်ခု၊ ဒါမှ မဟုတ် နှလုံးသား ပန်းဥယျာဉ်ကြီးထဲသို့ ရောက်နေသလို ခံစားရတယ် သူငယ်ချင်းရာ"

"သူ့ဆီက စာလေးတွေ ရလိုက်တဲ့ အချိန်တိုင်းဟာ ငါ့အတွက် နေ့သစ်တိုင်း ပျော်ရွှင်စရာအတိ ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် အရာဌာနအားလုံးတို့ မှာ လည်း သာယာ လှပနေသလို၊ ငါ့ရင်ထဲမှာ ကြည်နူးနေတယ်သူငယ်ချင်းရာ၊ ဒါတွေဟာ ဘာကြောင့် လည်း ဆိုတာတော့ ငါမပြောတတ်ဘူး"

အခုလို ကျွန်တော့်သူငယ်ချင်းဆီမှ သူ့ရင်ထဲမှာ ဖြစ်တည်နေတဲ့ စာလေးတွေနဲ့ ပတ်သက်ပြီး ရင်ဖွင့်စကား ဆိုလာပြန်တော့လည်း အလိုလိုသနားမိသွား ပြန်ပါသည် ။ ကျွန်တော့် သူငယ်ချင်းသည် လူတစ်ဖက်သားအပေါ် ရိုင်းပင်း ကူညီတတ်သော သူတစ်ယောက် ဖြစ်သလို အားလည်း အရမ်းနာတတ်သူ ဖြစ်သည် ။ တစ်ဖက်သူက အလုပ်လုပ်နေကြသူ အချင်းချင်း သူ့ဆီက ငွေချေးသုံးရင်တောင် လွယ်လင့်တကူ ချေးတတ်သောသူ ဖြစ်သလို၊ သူပြန်ရရမည့် အချိန် ဆိုလျှင်လည်း သူကိုယ်တိုင်ပြန်၍ မတောင်းပေ၊ ဒါနဲ့ ကျွန်တော်က နံဘေးမှ နေ သူ့အစားမနေနိုင် မထိုင်နိုင်ဖြင့် ပြန်တောင်းပေးရသည် ချည်းသာဖြစ်သည် ။ ဒီလို ကျွန်တော်မှ တစ်ခါခါ ငါသွားတောင်း လိုက်မယ်ဟု ပြောလျှင်၊ မတောင်းပါနဲ့ သူငယ်ချင်းရာ၊ သူ့မှာ လည်း အဆင်မပြေလို့ နေမှာ ပေါ့ဟု တစ်ဖက်သား အတွက်ကိုပင် သူက ကြည့်ပြီး ပြောနေ ပြန်တတ်သေးသည် ။ သူ့အတွက် သူ့အခက်အခဲကို သူမကြည့်၊ သူ့အခြေအနေကိုလည်း ဘယ်သူမှ မသိရှိကြပေ။

ဒါနဲ့ ကျွန်တော်လည်း ...

"သြော်... သူငယ်ချင်းရာ အခု မင်းဖြစ်နေတဲ့ အရာနဲ့ ခံစားနေရတာတွေက ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာ ဆိုသလိုပေါ့ကွာ၊ အဲဒါအချစ်ရဲ့ ဆွဲငင်အားပဲ၊ ဘယ်လောက်ပဲ နီးနီးဝေးဝေး မင်းသူနဲ့ ခွဲခွာလာရတာ ကြာတော့ သူ့ကို လွမ်းနေပြီ မဟုတ်လား၊ နောက်တစ်ခုက သူနဲ့အမြန်ဆုံး တွေ့ချင်လှပြီး သူ့အတွက်နဲ့ မင်းရင်ထဲမှာ စိတ်မချခြင်းတွေနဲ့ အတူ မဆုံးစည်းနိုင်သေးတဲ့ အခိုက်အတန့် လေးမှာ သူ့ဆီက အားပေးစကား စာလွှာလေးတွေကို မင်းမျှော်လင့်နေတာပေ့ါ၊ ဒီလိုအချိန်မှာ တစ်ဖက်မှ စာပြန် မလာတာ ကြာသွားတဲ့ အခါမှာ တော့ မင်းအရမ်း ကြေကွဲခံစားနေရတယ် ဒါပဲ မဟုတ်လား"

"မင်းပြောတာတွေ မှန်ပါတယ်၊ ဒါပေမဲ့ အခု ငါ့ရင်ထဲမှာ နေ့နေ့ညည ပူဆွေးသောက ရောက်နေရတဲ့ ဝေဒနာက မင်းထင်သလို ရိုးရိုးလေးမဟုတ်ဘူး သူငယ်ချင်း၊ အရမ်းထူးခြား ဆန်းပြားပြီး မမြင်နိုင်တဲ့ ကံတရား တစ်ခုက ငါတို့ နှစ်ယောက်ရဲ့ အပေါ်မှာ ရိုက်ခတ်လိုက်တဲ့ ရိုက်ချက်တစ်ခုရယ်ကြောင့် နှလုံးသား တစ်ခုလုံး စတေးလိုက်ရသလို ခံစားနေရတာပါ"

"ဘာ... ဘယ်လိုကွ၊ မင်းဟာကြီးကလည်း အံ့သြစရာကြီးပါလား သူငယ်ချင်းရာ၊ မင်းနှလုံးသားတွေက ဘာဖြစ်လို့ စတေးလိုက်ရတာလဲ၊ ငါ့ကိုရှင်းအောင် ပြောပြလို့ ရနိုင်မလား သူငယ်ချင်း"

"အေး ... မင်းငါ့ရင်ထဲက ခံစားချက်ကို သိချင်တယ်၊ ဘယ်လောက်ထိ ထူးဆန်းနေတယ် ဆိုတာကို သိချင်ရင်တော့ ‘ရော့ .. ’ တစ်ခါမှ ဘယ်သူ့ကိုမှ ပေးမဖတ်ဘူးတဲ့ သူ့ဆီက ငါ့ကို နောက်ဆုံး ပို့လိုက်တဲ့ စာလေးကို မင်း ဆုံးအောင် ဖတ်ကြည့်လိုက်တော့ သူငယ်ချင်း" ဟု ဆိုကာ

သူ၏ လက်ထဲမှ စာအိတ်ပုံစံလေး ခေါက်ထားသော စက္ကူ စာရွက်က လေးအား ကျွန်တော့်ကို ပေးပါတော့သည်။

ဒါနဲ့ ကျွန်တော်လည်း သိချင်စိတ် ပြင်းပြနေသည် မို့ စာက ဘာတွေ မို့လို့ လဲ၊ ဘာတွေများ ထူးဆန်းနေလို့ လဲ ဆိုသည့် စိတ်ဖြင့် ဖွင့်၍ ဖောက်ဖတ် ကြည့် လိုက်လေသောအခါ...

"သို့"

"အစ်ကို ဒီစာကို ဖတ်နေရတဲ့ အချိန်မှာ အရာရာကို ခွင့်လွှတ်နားလည် ပေးနိုင်ပါစေလို့ ညီမအရင်ဆုံး နှုတ်ခွန်းဆက် စကား ဆိုလိုက်ပါရစေ၊ အစ်ကိုနဲ့ ငယ်ကတည်းက သံယောဇဉ် ရှိခဲ့ဖူးတာ မှန်ပေမဲ့၊ အခုတော့ ညီမကို နားလည်ပေး စေချင်ပါတယ်၊ လိုရင်းတိုရှင်း ပြောရမည်ဆိုလျှင် ညီမမှာ အခု တကယ် ချစ်ရမယ့်သူ ရှိနေပါပြီ၊ အရာအားလုံး အတွက် ညီမ အစ်ကို့အပေါ်မှာ သစ္စာဖောက်သလို ဖြစ်သွားခဲ့ရင်လည်း တောင်းပန်ပါတယ်၊ မထင်မှတ်ဘဲ ဒီစာကို ရေးပို့လိုက်ရတဲ့ အတွက်လည်း စိတ်မကောင်းပါဘူး၊ ညီမအနားမှာ တစ်ဖဝါးမှ မခွာပဲ ညီမအပေါ်မှာ လည်း နားလည်မှု အပြည့်အဝပေးနိုင်တဲ့ ညီမဘဝအတွက် အကောင်းဆုံးဖြစ်မဲ့ အစ်ကိုကြီး တစ်ယောက်နဲ့ ညီမ လက်ထပ် လိုက်ပါပြီ၊ အစ်ကိုလည်း ပျော်ရွှင်သလိုသာ နေပါ၊ ညီမလည်း ညီမဘဝနဲ့ ညီမ ပျော်ရွှင်နေပါပြီ၊ အစ်ကို့ရဲ့ ပညာအရည်အချင်းနဲ့ အစ်ကိုနဲ့ ထိုက်တန်တဲ့ မိန်းမကောင်းလေး တစ်ယောက်ကို လက်တွဲလိုက်ပါ၊ ညီမ အစ်ကို့အတွက် ပျော်ရွှင် ကျေနပ်နေမှာ ပါ၊ စာကတော့ ဒီလောက်ပါပဲ "

**သဒ္ဒါဖြူ**

ဟူသော တစ်ဖက်မှ ပြန်လာသော သူချစ်သူ ကောင်မလေးဆီက နောက်ဆုံး နှုတ်ဆက် လမ်းခွဲစာ တစ်စောင်ကို ဖတ်ကြည့် လိုက်ရလေ

သောအခါ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မရှိဘဲ သူ့ကိုဘာကြောင့် လမ်းခွဲတဲ့ စာတစ်စောင် ပို့လိုက်ရတာလည်း ဆိုသည် ကို ကျွန်တော် ကိုယ်တိုင် သိချင်မိတော့သည်။

ဒါနဲ့ ကျွန်တော်လည်း သူငယ်ချင်းအား ...

"သူငယ်ချင်း မင်းစာကြီးကလည်း ကွာ အကြောင်းပြချက်လည်း မခိုင်လုံ ဘာအကြောင်းကြောင့် ရယ်လည်း မသိရပါပဲနဲ့ ကောင်မလေး ဘက်က မထင်မှတ်ဘဲ လမ်းခွဲစာ ဖြစ်နေရတာလဲ"

"အေး ... ငါလည်း အဲဒါကို သိချင်တာပေါ့ကွ အဖြေရှာမရတဲ့ ပုစ္ဆာ တစ်ပုဒ်လို ဖြစ်နေလို့ ၊ ငါသူ့ကို မေးခွန်းတွေ ပြန်ထုတ်ချင်သေးတယ်၊ ဘာကြောင့် ငါ့ကို လမ်းခွဲပြီး နောက်တစ်ယောက်နဲ့ လက်တွဲလိုက်တာ လဲ ဆိုတာကို ငါသူနဲ့ တွေ့ပြီး မေးချင်တယ်"

"ဟား... ဒါတော့ မေးရမှာ ပေါ့ကွ၊ မင်းဘက်က အလွန်မှ မဟုတ် တာ သူ့ဘက်က လွန်နေတဲ့ ကိစ္စကြီးပဲ၊ မင်းနေရာမှာ ငါဝင်ပြီးတောင် ခံစားလို့ မရဘူး၊ ဘာကြောင့် လဲဆိုတော့ ဘာအတွက်ကြောင့် မှန်းမသိ၊ ဘယ်လို အခြေအနေတွေကြောင့် ဒီစာကို ရေးပို့လိုက်တယ် မသိရခြင်း တွေကြောင့် ဘယ်လိုမှ မင်းအနေနဲ့ လည်း ခံစားလို့ ရမှာ မဟုတ်ဘူး ၊ တစ်ခုခု လိုနေသလိုလို ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေသလို ဖြစ်နေ လို့ လေ"

"မင်းပြောတာ အမှန်ပဲ သူငယ်ချင်း၊ အခု ငါဖြစ်နေတာတွေနဲ့ ခံစား နေရတာတွေကလည်း အဲဒီဟာတာတာ ခံစားချက်တွေပဲ၊ အကောင်အ ထည်မရှိ၊ ရုပ်လုံးမပေါ်တဲ့ အတွင်းကြေဒဏ်ရာ တစ်မျိုးကြောင့် ပေါ့ကွာ "

"ကဲ ... အဲဒါဆို အခု မင်းဆက်လုပ်မှာ လဲ"

"ဘာဆက်လုပ်ရမလဲ ဆိုတော့ကွာ မကြာမီ နွေရာသီ အလုပ်တွေ ပိတ် ကျောင်းတွေလည်း ပိတ်တဲ့ အခါ ငါ့ရွာကို ငါပြန်မယ်၊ ပြီးရင် သူနဲ့ တွေ့မယ်၊ မပြတ်သားတဲ့ ကိစ္စ တစ်ခုကို ပြတ်ပြတ်သားသား သိရအောင် တော့ ငါဖြေရှင်းရတော့မှာ ပေါ့"

"အေး ... အဲဒါကောင်းတယ် သူငယ်ချင်း၊ မင်းရင်ထဲမှာ မျိုသိပ်ပြီး ခံစားနေရတာထက် စာရင် အမှန်တရားတစ်ခုကို သိရဖို့ အတွက် မြန်မြန် ဖြေရှင်းလိုက်တာက ပိုကောင်းတယ်၊ ကဲ ... အခုချိန်ကစပြီး မင်းသိပ်ပြီး လည်း ဝမ်းနည်းခံစား မနေပါနဲ့ တော့ကွာ၊ ရှေ့တစ်ပတ် နှစ်ပတ်ဆိုရင် ပဲ ကျောင်းတွေလည်း ပိတ်တော့မှာ ပဲ၊ "

"ကျောင်းတွေပိတ် အလုပ်တွေပိတ်လို့ နယ်ပြန်တဲ့ အခါ မင်းငါနေ တဲ့ ရွာကို အလည်လိုက်ခဲ့ပါလား၊ မင်းလည်း ဒေသန္တရ ဗဟု သုတ ရ တာပေါ့ကွာ၊ တစ်ပတ် နှစ်ပတ်လောက်ပေါ့"

"အေး ... ကောင်းသားပဲကွ သူငယ်ချင်းရ၊ မင်းနေတဲ့ ရွာကို ငါအလ ည်လိုက်ခဲ့မယ်၊ မင်းက ဧရာဝတီ တိုင်းကနော်"

"အေး ... ဟုတ်တယ်လေကွာ သူငယ်ချင်း၊ ဘာပြုလို့ လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ၊ ဧရာဝတီတိုင်းဘက်ကို ငါသိပ်မရောက်ဘူး လို့ ပြောတာပါ၊ ဒါကြောင့် ငါမရောက်ဖူးသေးတဲ့ နေရာဆိုရင် ငါက လို က်ချင်တာပေါ့ကွ"

"ဒါဆိုလည်း ငါပြန်တဲ့ အခါ လိုက်ခဲ့ကွာ ငါလည်း မင်းနဲ့ ဆိုတော့ အ ဖော်ရတာပေါ့"

"အေးပါ သူငယ်ချင်း" ဟု ဆိုကာ နှစ်ယောက်သား စကားများ ပြော ဆိုလို့ ပြီးသည် နှင့် သူ့ရင်ထဲမှာ လည်း ပေါ့ပါးသွားသလို မျက်နှာမှာ

လည်း နဂိုလို ငူငိုင်မနေတော့ဘဲ နည်းနည်း ရွှင်လန်းလာပေ၏။

သူငယ်ချင်းသည် ရည်မှန်းချက်လည်း ကြီးသူဖြစ်သည် ။ ရည်မှန်းချက်ကြီးသလောက် မိဘတွေအပေါ်ကို လည်း သိတတ်သော သာလိမ္မာလေးတစ်ယောက် ဟု ဆိုလျှင်လည်း မှားမည်မထင်၊ သူအလုပ်လုပ်လို့ ရတဲ့ ငွေလေး တွေကို မိဘတွေကို ပြန်ပို့ပေးနိုင်သလို၊ သူ့အတွက်ကိုလည်း သင်တန်းကျေးနဲ့ စားစရိတ်လောက်ကိုသာ ချန်ထား တတ်ကာ ရိုးရိုးကျင့် မြင့်မြင့်ကြံတတ်သော သူလည်း ဖြစ်တော့သည် ။

ဒီလိုနဲ့ နှစ်ပတ်လောက် နေသောအခါ သင်တန်းတွေပိတ် အလုပ်တွေလည်း နားကြသည့် အခါသို့ ရောက်သော် သူငယ်ချင်းနှင့် အတူ သူနေထိုင်ရာ ရွာလေးဆီသို့ ကျွန်တော် ဗဟု သုတလည်း ရခြင်းသော ကြောင့် အလည်အဖြစ် လိုက်ပါသွားခဲ့ခြင်း ဖြစ်ပါတော့သည် ။

ရန်ကုန်မြို့မှ နေ ဧရာဝတီတိုင်းဘက်သို့ ထွက်သော ခရီးသွား ကားကြီးတစ်စီးဖြင့် သူတို့ မြို့လေးဆီသို့ နှစ်ယောက်သား ထွက်ခွာခဲ့ လိုက်လေတော့သည် ။ သူတို့ ၏ နယ်မြို့လေးဆီသို့ ရောက်သော် ကားပေါ်မှ ဆင်းပြီး မြို့ကလေးမှ နေ အနောက်ဘက် စူးစူးသို့ နှစ်ယောက်သား လမ်းလျှောက် ထွက်လာခဲ့လိုက် ရပါသေးသည် ။

"ဟော့ကောင် သူငယ်ချင်း၊ အခုသွားနေတာ ဘယ်ကိုတုန်းကွ၊ မင်းရွာကို မဟုတ်ဘူး လား"

"ဟုတ်တယ် သူငယ်ချင်း"

"ဒါဆို မင်းရွာက မြို့နဲ့ နီးတယ်ပေါ့"

"အေးနီးတယ်၊ ဒါပေမဲ့ အခု ငါက ရွာကိုမရောက်ခင် ငါတို့ လျှောက်နေတဲ့ လမ်းတစ်ဝက်လောက်ကြရင် ယောက်ျားရသွားပြီဖြစ်တဲ့ ငါ့အစ်မ

တစ်ယောက်ရဲ့ ရွာလေးကို ခဏဝင်ပြီး ညအိပ်မယ်ကွာ၊ အစ်မအိမ်မှာ တစ်ရက်လောက် နေပြီးမှ အမေ့ရွာကို သွားမယ်လေ၊ ဒါကြောင့် အခု ငါ တို့ သွားနေတာ ငါ့အစ်မရွာကိုပဲ သူငယ်ချင်း"

"အေး ... အဲဒါလည်း ကောင်းသားပဲ" ဟု ဆိုကာ ကျွန်တော်မှ လာ ရာလမ်းအတိုင်း တောင်ကြည့် မြောက်ကြည့်ဖြင့် ကြည့်ရင်း လမ်းမှာ လ ည်း လှည်းတစ်စီးမောင်းရန် အတွက်လောက်သာ အကျယ်အဝန်းရှိသ ည့် လမ်းလေးပင် ဖြစ်ပါသည် ။

လမ်း၏ တစ်ဖက် တစ်ချက်တွင် လည်း သစ်ပင် လယ်ကန်သင်းများ နှင့် ခပ်လှမ်းလှမ်းတို့ ကို ကြည့်လိုက်ပြန် တော့လည်း ထုံးဖြူဖြူ ဘုရား လေးတွေလိုလို၊ ရွာအနောက်ဘက် သင်္ကြိုဟ်အိုး သင်္ကြိုဟ်ပြွတ်များမှ အုပ် ဂူဟောင်းတွေ လိုလိုတို့ ကို မြင်တွေ့ နေရပါတော့သည် ။

ဒီလိုနဲ့ နှစ်ယောက်သား ကျဉ်းမြောင်းသော လမ်းလေးအတိုင်း လျှော က်လှမ်း လာနေရင်းမှ တစ်မိုင်သာသာလောက် အရောက်တွင် တော့ ...

"ဟော့ကောင် သူငယ်ချင်း၊ အရှေ့မှာ ငါ့အစ်မရွာကို ရောက်ပြီကွ"

"ဘယ်ရွာလဲ"

"ဟိုမှာ လေကွာ" ဟု သူငယ်ချင်း လက်ညှိုးထိုးပြရာ ရွာလေးဆီသို့ ကြည့်လိုက်မိ၏။

ရွာလေးသည် က မြို့မကျ တောမကျ ရွာကလေးဖြစ်သလို၊ တစ်အိမ် နဲ့ တစ်အိမ်မှာ လည်း ခပ်စိပ်စိပ်ပင်၊ ရွာဟု ခေါ် ဆိုသော်လည်း လုံးလုံးဝို င်းဝိုင်း ပုံသဏ္ဍာန်တော့ မဟုတ်၊ ရှည်ရှည်မျောမျောဖြင့် ရွာတန်းရှည် သ ဘောမျိုး ဖြစ်သည် ။

နှစ်ယောက်သား လျှောက်နေရင်း ရွာထဲသို့ဝင်လိုက်ပြီး သူ့အစ်မအိမ်

ရှိရာဆီသို့ ရောက်သွားပါတော့သည် ။ အိမ်ထဲသို့ ဝင်လိုက်သည် နှင့် အိမ်ထဲမှ နေ သူ့ရဲ့ အစ်မလုပ်သူနှင့် ကလေးတွေက ...

"ဟဲ့ ... မောင်လေး၊ နင်အလည်ပြန်လာတာလား၊ လာလာ အိမ်ထဲ ဝင်ထိုင်၊ အမေ့ရွာကို တန်းမသွားဘူးပေ့ါ ဟုတ်လား မောင်လေ"ဟု အားပါးတရ ဝမ်းပန်းတသာဖြင့် ဆီးကြိုလေ၏။

"ဟုတ်တယ်၊ အမေ့ရွာကို မနက်ဖြန် ညနေလောက်မှ ပဲ သွားတော့မယ်၊ ဒီနေ့တော့ အစ်မဆီမှာ ပဲ နေပြီး အေးအေးဆေးဆေး နေဦးမယ်"

"အေး ... ကောင်းတာပေ့ါ၊ ဒါဆိုရင် နင်တို့ ထမင်းစားဖို့ အတွက် ငါ သွားပြင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အစ်မ၊ ကျွန်တော်တို့ လည်း တစ်ချိန်လုံး ကားစီးလာရ တာနဲ့ ၊ လမ်းလျှောက် လာရတာဆို တော့ ဗိုက်တွေလည်း ဆာနေပြီ အစ်မရေ..."

"အေးပါ မောင်လေးရယ်၊ မောင်လေး လာလည်တုန်း အစ်မ ဟင်း ကောင်းကောင်း ချက်ကျွေးမယ်" ဟု ဆိုကာ သူငယ်ချင်း၏ အစ်မသည် တောသူပီပီ သွက်သွက် လက်လက်ဖြင့် နောက်ဖေး မီးဖိုဆောင်ထဲသို့ ဝင်သွားပြီး ချက်ပြုတ်စရာ ရှိသည် များကို ချက်ပြုတ်နေပါတော့သည် ။

ကျွန်တော်လည်း သူငယ်ချင်းအား ...

"သူငယ်ချင်း ငါတို့ ကားစီးလာရတာ ပင်ပန်း လာပြီကွာ၊ ရေသွားချိုး ကြရအောင်"ဆို လိုက်လေသော အခါ ...

"အေး ... ချိုးမယ်လေကွာ၊ ရေချိုးပြီးတာနဲ့ အစ်မလက်ရာ ထမင်း လေး စားလိုက်ကြတာပေ့ါ"

"အေး ... ကောင်းတယ်"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ရေချိုးလို့ ပြီးသည် နှင့် ထမင်းလေးများ စားသောက် ပြီးသော အခါတွင် သူငယ်ချင်း၏ အစ်မဖြစ်သူမှ ဖော်ရွေစွာဖြင့် ...

"စားသောက်လို့ ကောင်းကြရဲ့ လား မောင်လေးတို့ " ဟု ဆိုလေသောအခါ၊ ကျွန်တော်ကပင်...

"ကောင်းပါတယ် အစ်မ၊ အစ်မလက်ရာ အရမ်းကောင်းတာပဲ၊ ဗိုက်ကလည်း ဆာနေလို့ လား မသိဘူး၊ ဘယ်လောက်စားစား ဝတယ်ရယ်လို့ ကို မရှိဘူး"

"မဝသေးရင် ထပ်စားလေး မောင်လေးရဲ့ "

"သြော် ... ကျွန်တော်က စကားအဖြစ် ပြောတာပါဗျာ၊ စားကောင်းလွန်းလို့ ပါ"

"အစ်မကလည်း ဝမ်းသာပါတယ်၊ အစ်မချက်တဲ့ ပြုတ်တဲ့ ထမင်းဟင်းဆိုရင် စားမှ ကြိုက်တာ၊ မြို့ကြီးသားတွေလို ဟန်လိုလိုမာန်လိုလို အထာလိုလို ဘာလိုလိုဆိုရင် အစ်မက သဘောမကျဘူး"

"ကျွန်တော်လည်း တောသားပါဗျာ၊ " ထိုသို့ သူငယ်ချင်း၏ အစ်မဖြစ်သူနှင့် စကားစမြည် ပြောဆိုပြီး သည် နှင့် သူ၏ အစ်မဖြစ်သူက ...

"မောင်လေး အမေတို့ ရွာမှာ ကြာဦးမှာ လား"

"ကြာမှာ ပေါ့ အစ်မရဲ့ ။"

"တစ်လလောက်နေပြီးမှ မြို့ပြန်တက်မယ်လေ အမေ အလွမ်းပြေတဲ့ အထိတော့ နေပေးရဦးမှာ ပေါ့"

"အမေကတော့ နင်ပြန်လာလို့ အလွမ်းပြေတယ် ဆိုပေမဲ့၊ နင်ကရော

နင့်အတွက် အလွမ်းပြေနိုင်ပါ့မလား"

ထိုသို့သော သူ၏ အစ်မဆီမှ နင်ကရော နင့်အတွက် အလွမ်းပြေနိုင်ပါ့မလား ဆိုသည့် စကားလုံးကို ကြားလိုက် ရလေသောအခါ သူငယ်ချင်းဖြစ်သူသည် သူ၏ အစ်မဖြစ်သူအား ဘယ်လို စကားလုံးမျိုးတွေနဲ့ တုံ့ပြန် ပြောဆိုရမည်မှန်း မသိတော့လောက်အောင် ဆွံ့အနေသည့် ပုံနှယ် ဖြစ်လို့ သွားပါတော့သည် ။

ထိုအချိန်မှာ ပင် သူငယ်ချင်းဖြစ်သူ ဆီမှ ...

"ရပါတယ် အစ်မရယ်၊ ကျွန်တော့်ဘဝမှာ အမေ အလွမ်းပြေရင် ရပါပြီ၊ ကျွန်တော့် အလွမ်းတွေက ပျက်ပျယ်သွားခဲ့တာ ကြာပါပြီ" ဟု ဆို လိုက်လေသော အခါတွင် ...

"အေးကွယ်၊ အစ်မကတော့ ငါ့မောင်လေးရဲ့ ငယ်ချစ်ဦးဖြစ်တဲ့ သဒ္ဒါက မထင်မှတ်ပဲ ဒီလိုကြီး ဖြစ်လာလိမ့်မယ်လို့ ဘယ်လိုမှ ကို ထင်မှတ် မထားမိဘူး၊ အခုလိုကြီး ဖြစ်သွားတော့ အစ်မတောင် အံ့ဩသွားတယ်၊ လောကကြီး ဘာတွေ ဖြစ်ကုန်တာလဲပေါ့ ဆိုပြီ"

"ထားလိုက်ပါတော့ အစ်မရယ်၊ ဒါပေမဲ့ ကျွန်တော် သိပ်သိချင်နေတာ တစ်ခုရှိတယ်၊ သူဘာကြောင့် ဒီလို လုပ်လိုက်ရတာလဲ ဆိုတာကို ကျွန်တော် အရမ်း သိချင်နေတယ်၊ အခု ရွာကို အလည် ပြန်လာတယ် ဆိုတာကလည်း အမေ့ကိုလွမ်းလို့ ပြန်လာတယ် ဆိုပေမဲ့၊ သူနဲ့ ပတ်သက်တဲ့ အကြောင်းအရာ အစုံအလင်ကို သိချင်တာလည်း ပါတာရယ်ကြောင့် ပါ"

"အစ်မကတော့ သူနဲ့ ပတ်သက်ပြီး ကြားထား သိထားရတဲ့ တစ်စွန်းတစ်စလေးတော့ ပြောပြလို့ ရတယ်၊ အကုန်လုံးတော့ မသိဘူး ငါ့မောင်ရဲ့ ၊ ဘာကြောင့် တုန်းဆိုတော့ အမေတို့ ရွာနဲ့ အစ်မ အခုနေတဲ့ ရွာကလ

ည်း နည်းနည်း လှမ်းနေတာကို"

"ဒါဆို အစ်မသိသလောက် ပြောပြပါလားဗျာ"

နံဘေးတွင် ထိုင်နေသော ကျွန်တော်မှ လည်း စပ်စုချင်တာတော့ မဟုတ်၊ ဒီလိုခပ်ဆန်းဆန်း အဖြစ်အပြတ်ဆိုရင် နားထောင်ချင်သလို သိလည်း သိချင်သည် လေ၊ ဘယ်လို အကြောင်းကြောင့် လည်း ဆိုတာကို၊ အစ်မဖြစ်သူက သူ့မောင်အား သူသိထားသလောက်ကို ပြောပြ နေပါတော့သည် ။

"ဒီလိုကွဲ့ ငါ့မောင်ရဲ့ ၊ အစ်မ ကြားထားသလောက် ဆိုရင်၊ အခု အစ်မတို့ နေတဲ့ ရွာအနောက်ဘက်ခြမ်းမှာ ဦးအုန်းစိန် ဆိုတဲ့ လူကြီးတစ်ယောက် ရှိတယ်၊ အဲဒီလူကြီးက မိန်းကလေး အချောအလှလေးတွေကို မြင်ရင် သူ့မယားဖြစ်အောင် အမျိုးမျိုး လုပ်ယူတယ်လို့ အစ်မကြားတယ် ၊ ဘယ်လို အစွမ်းအစတွေနဲ့ လုပ်ယူတယ်လို့ တော့ အစ်မ မသိဘူး၊ သူကြိုက်နေတဲ့ မိန်းကလေးဆိုရင် ကလေးမုန့်ပေးကြိုက် ဆိုသလို ဟိုဟာလေးဝယ်ပေး၊ ဒါလေး ဝယ်ပေးလုပ်ပြီး မိန်းကလေး၏ အသားအရည်ကို သူ့လက်နဲ့ ထိမိလိုက်ပြီ ဆိုတာနဲ့ ၊ အဲဒီ မိန်းကလေးဟာ၊ သူမှ သူဖြစ်ဖြစ် သွားတယ်တဲ့ လေ"

"ဟင်း ... တယ်ထူးဆန်းပါလား အစ်မရဲ့ "

"ထူးဆန်းဆို နောက်ပိုင်းမှာ အစ်မ အဲဒီလူကြီး အကြောင်းကို သိထားရ သလောက်ကတော့ အဲဒီလူကြီးက အောက်လမ်းဆရာကြီး တစ်ယောက်လို့ လည်း ကြားတယ်၊ ရွာတကာလှည့်ပြီး ကျန်းမာရေး မကောင်းတဲ့ သူဆိုလျှင် ဗိန္ဓောနည်းနဲ့ လိုက်လိုက်ကူပေးပြီး၊ ရွာစဉ် လှည့်လည်သွားနေတဲ့ လူကြီးလို့ လည်း ကြားတယ်၊ အဲဒီလို သွားနေရင်းနဲ့ ရွာတွေမှာ အရမ်းလှတဲ့ တောသူရွက်ပုန်းသီး အလှလေးတွေကို တွေ့မိ

ပြီဆိုရင် သူက ဗိန္ဓောဆရာ ဆိုတော့ ဘယ်ရွာက လူပဲဖြစ်ဖြစ် ဗိန္ဓောဆရာကြီး အိမ်လာလည်တယ် ဆိုရင်ပဲ ခင်ခင်မင်မင် ဖော်ဖော်ရွေရွေ ဆက်ဆံ ကြတယ်လေ"

"အဲဒါ တော်သူ တောင်သာတွေရဲ့ ရိုးသားမှု၊ သူတစ်ပါးအပေါ် အကောင်း မြင်တတ်တဲ့ မှု၊ ဆရာကြီးဆိုပြီး အယုံလွယ် လေးစားမှုတွေကြောင့် ပေါ့ အစ်မရယ်"

"အေး ... အစ်မ အခု ပြောချင်တာကလည်း ၊ အဲဒီလိုရိုးသားမှု အယုံလွယ်မှု လေးစားမှုတို့ ကို အခွင့်ကောင်း ယူပြီး သူက သူ့ကို ဒီလူတစ်ယောက် ခင်မင်သွားပြီး ယုံကြည်သွားပြီ ဆိုတာနဲ့ အဲဒီလူရဲ့ သမီးချောလေးဟာ မကြာခင်မှာ ပဲ သူတို့ အိမ်ကို အဝင်အထွက် အမြဲလုပ်နေတဲ့ ဒီဆရာကြီးကို မမြင်ရ မနေနိုင်အောင် ဖြစ်ဖြစ်သွားကာ နောက်ဆုံးမှာ တော့ အဲဒီမိန်းကလေးမှာ တစ်ခုခုက ပြုစားထားသလိုလိုနဲ့ ညညဆို ပိုဆိုး တတ်တယ်တဲ့ လေ၊

ဒီလိုတွေ ဖြစ်ဖြစ် လာပြီဆိုရင် တောသူ တောင်သားတွေဟာ အားကိုးရာ ရှာကြပြီလေ၊ ထိုအချိန်မှာ အနီးစပ်ဆုံး မိတ်ဆွေဖြစ်တဲ့ ဆရာကြီးကို ပြေးမြင် မိကြတာပေါ့၊ သူပဲ ကုနိုင်တာကို ဟိတ်ဟန်ကလည်း အပြည့်နဲ့ ဆိုတော့၊ ဒီလိုတွေ ဖြစ် လာပြီဆိုလျှင် လူတွေက 'ဆရာကြီးရယ်၊ သမီးလေးကို ကယ်ပါဦး၊ ကျွန်တော့် သမီးလေးကို ကယ်ပါဦး၊ ဆရာကြီး စောင့်ရှောက်ပေးပါဦး' ဟု ဆိုကာ အားကိုးတကြီး အကူအညီတောင်း လာကြတော့တာပဲ၊ အဲဒီလို အကူအညီ တောင်းလာကြပြီ ဆိုလျှင်တော့ သူခွင် ဖြစ်သွားတာပဲတဲ့ "

"ဘယ်လို သူ့ခွင် ဖြစ်သွားရတာလဲဗျ အစ်မရဲ့ "

ကျွန်တော့်မှာ လည်း မကြားဖူးသေးတဲ့ အကြောင်းအရာတွေကို

ကြားနေရတော့ တော်တော်လေးကို စိတ်ဝင်စားနေ မိတော့သည် ။ စိတ်ဝင်စားနေမိသလို၊ ဟိုးတဈာရှူး ဗိန္ဓောဆရာကြီးကိုလည်း စိတ်ထဲက ကြိမ်ဆဲမိနေတော့၏။ ဘယ့်နှယ်ကွာ ကိုယ့်သားသမီးအရွယ် အပျိုလေးတွေကိုမှ မကြံကောင်း မစည်ရာ ဆိုသည့် စိတ်နှင့် ပေ့ါ။

"ဘယ်လို သူ့ခွင်ဖြစ်သွားရတာလဲဆိုရင်၊ အဲဒီလို ညကြီးအချိန်မတော် သူ့ကို အားကိုးတကြီးနဲ့ လာပင့်ပြီဆိုတာနဲ့ ၊ သူက ချက်ချင်း လိုက်သွားတတ်ပြီး၊ ပြုစားခံနေရတဲ့ မိန်းကလေးရဲ့ အိမ်ပေါ်ကို ရောက်တာနဲ့ ၊ ပရလောကသား တစ်ကောင်ကောင် ဝင်ပူးသလို ဖြစ်နေတဲ့ မိန်းကလေးကို သူ့မိဘဖြစ်သူတွေက အိပ်ခန်းထဲ ပို့ပေးရတယ်တဲ့ "

"ဟား ... သွားပြီပေ့ါ အစ်မရယ်၊ အဲဒီကတည်းက လူတွေက သိသင့်နေပြီ ဒီဆရာကြီး မှုမမှန်တော့ဘူး ဆိုတာကို၊ အထက်လမ်း ဆရာတွေဆိုရင် ဘုရားစင်ရှေ့ကို ခေါ်ပြီး လူတွေ အများကြီးရှိနေတဲ့ နေရာမှာ စစ်ဆေး၊ မေးမြန်း၊ အမိန့်ပေး၊ ပြစ်ဒဏ်ပေးလုပ်ပြီး ကုပေးကြရတာပါ၊ တကယ်လို့ သူသာ ဆရာစစ်မှန်တယ် ဆိုရင်ပေ့ါ။ အခုတော့ဗျာ လူတွေက ကို အသိဉာဏ် အားနည်းလွန်းပါတယ်"

"ဩော် ... ငါ့မောင်ရယ်၊ ရေနစ်နေသူ တစ်ယောက်လိုပေ့ါ၊ သူဆွဲမိထားတဲ့ မြက်ပင် သို့မဟုတ် ကိုင်းပင်လေး တစ်ပင်ဟာ သူ့အတွက်တော့ အားကိုးရာလို့ မြင်နေတာပေ့ါ၊ ဒါကြောင့် အဲဒီလိုမျိုး အချိန်တွေမှာ မိဘတွေက သူတို့ သမီးလေး ဒီလို ပရလောကသား နှောက်ယှက်မှုက ကင်းဝေးဖို့ ကိုသာ အရေးကြီးနေကြတော့ သူခိုင်းတဲ့ အတိုင်း အိပ်ခန်းထဲ ထည့်လိုက်ဆို ထည့်ပေးကြရတာပဲလေ၊ အေး ... အိပ်ခန်းထဲမှာ ကောင်မလေး ရောက်သွားပြီ ဆိုတာနဲ့ ၊ သူက ဘုရားစင်ရှေ့ သွားတယ်၊ ပြီးရင်

သူ့လွယ်အိတ်ထဲက ဗိန္ဓောဆေး မဲမဲတစ်လုံးကိုထုတ်၊ လက်ဖက်ရည် ခွက်ကလေး တစ်ခွက်စာလောက် ရေအပြည့် ခတ်ခိုင်းလိုက်တယ်၊ အဲဒီ ရေထဲကို ဆေးမည်းမည်းလေးကို ထည့်လိုက် ပြီးတာနဲ့ ဘုရားစင်ရှေ့မှ ဘာတွေ ရွတ်ဆိုနေလဲတော့ မပြောတတ်ဘူး၊ ငါးမိနစ် ဆယ်မိနစ်လော က် အကြာမှာ အားလုံးရွတ်ဆိုလို့ ပြီးသွားတာနဲ့ ၊ ကောင်မလေးရှိတဲ့ အိပ်ခန်းထဲကို အစောက ဆေးခွက် ကလေးကိုင်ပြီး ဝင်သွား လိုက်တော့ တာပဲ"

"အဲဒီဆရာကြီး ဝင်သွားတော့၊ ဘယ်သူမှ အနောက်က လိုက်မဝင် ကြဘူးလား"

"မဝင်ရဘူး၊ အဲဒါ သူ့စည်းကမ်းပဲ၊ အပြင်ကနေပဲ သူ့မိဘတွေ စောင့် နေရတယ်၊ ကန့်လကာချထားတယ်။ ညဆိုတော့ အထဲကို ဘာမှ မမြင်ရ ဘူး၊ သူဝင်သွားလိုက်တာနဲ့ စောစောက ဝင်ပူးနေသလို ဖြစ်နေတဲ့ က လေး မလေးဟာ အလိုလို အသံတိတ်သွားတယ်တဲ့ "

ကျွန်တော်ကတော့ နံဘေးမှာ သူတို့ မောင်နှမ ပြောဆိုနေသံကို ကြားနေရုံနဲ့ အလိုလို ဒေါသလည်း ဖြစ်နေသလို နောက်ပြီး လူငယ်တစ် ယောက်၏ အတွေးဖြင့် စာတွေး မတွေးမိဘဲ ထိုလူကြီးအား အမြင်ကပ် သည့် စိတ်ဖြင့် နှာတွေး တွေးမိလိုက်သည် ။ ပရလောကသား ဝင်ပူးချိန် ပြည့်သွားလို့ လူ့လောကသားငန္ခား အလှည့်ရောက်လို့ အသံတိတ်သွား တာ နေမှာ ပေါ့ဟု တွေးမိလိုက်သည် ။

"အသံတိတ်သွားပြီ ဆိုရင်ပဲ အပြင်မှာ စောင့်နေတဲ့ လူကြီးတွေက သူတို့ သမီးလေးတော့ ဆရာကောင်းနဲ့ တွေ့ပြီး ဝင်ပူးနေတဲ့ ပရလောက သား ကြောက်လန့်ကာ ထွက်ပြေးသွားတယ်လို့ ထင်မှတ် နေတော့တာ ပေါ့၊ သိပ်မကြာမီ ဆယ့်ငါးမိနစ် နာရီဝက်လောက်တွင် တော့ ဆရာကြီး

အခန်းထဲကနေ ပြန်ထွက်လာတယ်တဲ့ ၊ သူပြန်ထွက် လာပြီ ဆိုလျှင် အပြင်က မိဘလုပ်သူတွေက…

"ဆရာကြီး သမီးလေး အခြေအနေ ဘယ်လိုရှိလဲ၊ အခြေအနေကောကောင်းရဲ့ လား" ဟု ဆိုကာ သူ့ကို အားကိုးတကြီး မေးလာကြပြီဆိုရင် သူက ဟိတ်ဟန်အပြည့်နဲ့ …

"အားလုံးအဆင်ပြေတယ်၊ ဘာမှ ပူမနေကြနဲ့ ၊ ဒီခုနှစ်ရက် သားသမီးကို ဒုက္ခပေးသူကို ငါမောင်းထုတ်ပြီးသွားပြီ သူ့အတွက် ဆေးလည်း တိုက်ခဲ့တယ်၊ နောက် ဒီလို ဘယ်တော့မှ မဖြစ်တော့ဘူး" ဟု ယုံကြည်အောင် ပြောပြီး ထွက်သွားတယ်တဲ့ လေ"

ကျွန်တော်ရဲ့ စိတ်အထင်မှာ တော့ ရိုးရိုးရှင်းရှင်း တွေးမြင်ကြည့်ရရင် ဒီလူကြီးဟာ သူ့အလို ဆန္ဒအတွက် မိန်းမလှလေးတွေကို သူကိုယ်တိုင်ပြုစားပြီး သူကိုယ်တိုင် ဗိန္ဓောဆေးဆရာ အရောင်ဆောင်ကာ အောက်တန်းကျတဲ့ နည်းနဲ့ ပန်းဦးခွျေနေတဲ့ လူကြီးပဲ ဖြစ်လိမ့်မည်ဟု တွေးမိသည် ။ နောက်တစ်ခုက သူတိုက်လိုက်သည့် ဆေးမှာ လည်း ကိုယ်ဝန် မတည်စေတဲ့ ဆေး၊ သို့မဟုတ် သူမှ သူ စွဲလန်းသွားအောင် လုပ်လိုက်တဲ့ ဆေးလည်း ဖြစ်နိုင်ပေသည် ။ ဒါကိုပင် ရိုးသားပြီး ယုံကြည်လွယ်သူတို့ ခံနေကြရခြင်း ဖြစ်မည်။

"သူပြန်သွားတော့ နောက်ပိုင်းမှာ ကောင်မလေးက ဘယ်လို အခြေအနေနဲ့ ကျန်ခဲ့တယ်တဲ့ လဲ အစ်မ"

"သူပြန်သွားပြီးတာနဲ့ ကောင်မလေးကို အပြင် ခေါ်ထုတ်လာကြတဲ့ အခါဆိုရင် အဲဒီပြုစားခံရတဲ့ ကောင်မလေးက ပြုံးပြုံးရွှင်ရွှင် လန်းလန်းဆန်းဆန်းနဲ့ နဂိုပုံမှန်အတိုင်း ပြန်ဖြစ် သွားတယ်တဲ့ လေ၊ သူ့ကိုယ်သူ ဘာဖြစ်လို့ ဖြစ်မှန်းတောင် မသိဘူးတဲ့ ၊ ဒါပေမဲ့ သူ့စိတ်ထဲမှာ တော့ အဲဒီ

လူကြီးကို အမြဲတမ်း မြင်ချင် တွေ့ချင်စိတ်တွေ ဖြစ်ဖြစ် နေတယ်တဲ့ ၊ မိဘတွေလစ်တာနဲ့ အဲဒီလူကြီးခေါ်တဲ့ နေရာကို ရောင်လည် ရောင်လည်နဲ့ ထွက်ထွက် သွားတတ်တယ်လို့ လည်း ကြားတယ်၊ ဘာလုပ်ဖို့ ခေါ်တာ လည်း တော့ ငါလည်း မသိဘူး"

သူငယ်ချင်း၏ အစ်မသည် ရိုးသားပွင့်လင်း ဖြူစင်သလို ပွင့်ပွင့်လင်း လင်း ရိုးရိုးသားပင်၊ သူမောင်အား သူတို့ ဘက်မှာ လက်ရှိ ဖြစ်ပျက်နေသည့် မယုံကြည်နိုင်ဖွယ်ရာ အဖြစ်အပျက်တစ်ခုကို ပြောပြနေခြင်း ဖြစ်သည် ။

ကျွန်တော်ကတော့ ပွင့်လင်းမြင်သာစွာ တွေးတတ်သူမို့ သဘောအပေါက်ကြီး ပေါက်မိ နေပေတော့၏။ ယခု သူပြောနေသည့် 'ဘာလုပ်ဖို့ ခေါ်တာလဲတော့ ငါလည်း မသိဘူး' ဆိုသည့် ရိုးရိုးရှင်းရှင်း ပြောလိုက်သည့် စကားလုံးလေးကို ကျွန်တော်ဘက်က မရိုးမရှင်းပုံစံနဲ့ မြင်လိုက်မိတော့သည် ။

ဘာလုပ်ဖို့ ခေါ်တာလဲရဲ့ နောက်ကွယ်မှာ ၊ ဘာဆိုတဲ့ ဘာတွေ တဏှာကျော့ကွင်း၌ ရစ်ပတ်ချည်နှောင်ဖို့ ဆိုတာတွေကို ကျွန်တော် ပြေးမြင် မိနေတော့သည် ။

စိတ်ထဲမှာ လည်း သနားစရာအဖြစ် မြင်မိသလို၊ တောသဘာဝ၊ တောဓလေ့၊ တောအငွေ့အသက်လေးတွေရဲ့ အောက်မှာ ရိုးရှင်းစွာ ပွင့်ဖူး ဝေဆာနေကြတဲ့ တောအရိုင်းပန်း လှလှလေးတွေ ဘယ်လောက် တောင်များ ဒီလူကြီးရဲ့ တဏှာ ကျော့ကွင်းထဲ ဝင်ရောက် ကုန်ကြလေပြီလဲဟု စိတ်ထဲ တွေးမိပေတော့သည် ။

ဒီလိုယုတ်မာလွန်းတဲ့ အကြံဆိုးတွေနဲ့ မမြင်နိုင်တဲ့ အန္တရာယ်တွေကို ဖန်တီးပြီး ပန်းဦးခွေ ခံနေရတဲ့ အထဲမှာ ငါ့ညီမလေးများ ပါနေရင်တော့

လားကွာ၊ ဒီလူကြီးတော့ အသေဆိုးနဲ့ သေပြီသာမှတ်ဟု ကျွန်တော် ဒေါသကြိမ်းလည်း ကြိမ်းမိ၏။

ထိုသို့ တွေးနေရင်း ကျွန်တော်ကြားဝင်၍ သူငယ်ချင်း၏ အစ်မဖြစ်သူအား မေးလိုက်မိတော့ သည် ။

"အစ်မ၊ အစ်မတို့ ဘက်မှာ သိပ္ပံနည်းကျကျ ကုတဲ့ ဆရာတွေ မရှိကြဘူးလားဗျ"

"ဒီဘက်မှာ ရှိတော့ရှိတယ်၊ ဖျားရင်နာရင် သွေးပေါင်လာတိုင်းလိုက်၊ လိုအပ်ရင် ဆေးထိုးပေးခဲ့လိုက်၊ ဆိုတဲ့ နယ်က ဆရာမလေးတွေတော့ ရှိတယ်၊ ဒါပေမဲ့ သူတို့ ကလည်း ညအချိန်မတော်တို့ ဘာတို့ မှာ လိုက်မကုပေးနိုင် ကြဘူးလေကွယ်၊ နောက်ပြီး ဒီလို ပယောဂနဲ့ ပတ်သက်တဲ့ အရာတွေက မြင်ရတဲ့ အရာတွေလည်း မဟုတ်တော့ ဘယ်လို သိပ္ပံနည်းနဲ့ မှ မကုသပေးနိုင်ကြဘူး၊ ဒါကြောင့် နီးစပ်ရာ ဗိန္ဓောဆရာတွေကိုပဲ အားကိုးပြီး ကုကြရတယ်"

ကျွန်တော့်မှာ လည်း ဘာမှ ဆက်ပြောမနိုင်တော့၊ သူတို့ ဓလေ့၊ သူတို့ အယူအဆ၊ သူတို့ ယုံကြည်ထားရာ အရာကြီးမှာ တစ်ခုခုတော့ မှားယွင်းနေပြီလို့ ခံစားမိနေခြင်းကြောင့် ပင်။ အပ်နဲ့ ထွင်းရမည့် နေရာမှာ ပုဆိန်နဲ့ ထွင်း နေကြသလို ဖြစ်နေသောကြောင့် လည်း ပါပါသည် ။

"သူငယ်ချင်းရေ... ငါတို့ နယ်ဘက်တွေမှာ က တစ်ခုခုဖြစ်ရင် ဆေးမြီးတိုလေးတွေနဲ့ ကုသပြီး နေနေကြ ရတယ်၊ ကလေးမွေးရင်းလည်း လက်သည် နဲ့ နှိပ်ပြီး မွေးကြတယ်၊ ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ် လာပြီဆိုရင်လည်း မြို့က ဆရာဝန်သွားပင့်ပြီး ကုနိုင်တဲ့ သူကကု၊ မကုနိုင်သူကတော့၊ ကိုယ့်ရဲ့ ရေးရိုးစဉ်လာအတိုင်း အပူထုပ်လိုက်၊ ငါဂိမ်းဆေးလေး သောက်လိုက်နဲ့ ၊ သက်သာလာတာနဲ့ ၊ အားရှိအောင်

ထမင်းလေး ပြန်စားလိုက်နဲ့ ပြန်ပြန် ကောင်းလာကြတော့၊ ဒီလိုပဲ အမှုမဲ့ အမှတ်မဲ့ နေနေကြတာပေါ့ကွာ။

အခုလို မမြင်နိုင်တဲ့ အမှောက်ပယောဂကြောင့် ဖြစ်တဲ့ ဝေဒနာတွေ ကြတော့ သူ့နည်းသူ့ဟန်နဲ့ ဗိန္ဓော ဆရာကိုပဲ အားကိုးကြရတာပေါ့၊ ဘယ်တတ်နိုင် ကြပ့်ါမလဲ"

"အေး... ငါကတော့ အဲဒီလိုတွေ လူတွေက အယူရှိထားလေတော့၊ စောစောကလို မသမာတဲ့ ဆရာကြီးတွေ အတွက် အခွင့်ကောင်းလို့ ခံယူ မိတယ်ကွ၊ ဘယ်ကြောင့် လည်း ဆိုတော့ သူတို့ ကျင်လည် ကျက်စားလို့ အရမ်းကောင်းတဲ့ အချေအနေ တစ်ခုလို ဖြစ်နေလို့ ပဲ"

"ဒီလိုတွေ ဖြစ်လာရင်တော့လည်း ဘာတတ်နိုင်ပ့်ါမလဲကွာ၊ ဝဋ်ကြွေး တစ်မျိုးလို့ ပဲ ခံယူရတော့မှာ ပေါ့၊ ပေးဆပ်သူကလည်း ပေးဆပ်ရမဲ့ ဝဋ်ကြွေးရှိသလို၊ ယူရမဲ့သူကလည်း ယူရမဲ့ကံ ပါလာလို့ လို့ ပဲ မှတ်ရတော့မယ် ထင်ပါတယ်"

"အစ်မ ဆက်ပြောပါဦး စောစောက စကားလေး ပြတ်သွားလို့ "

"အဲဒီလူကြီး အကြောင်း အစ်မ သိသလောက်ကတော့ အခုလိုတွေ လုပ်တယ် ဆိုတာပါပဲ၊ အဲဒီလိုတွေ အပြုအစားခံပြီး သူ့မယားအဖြစ် တင်မြောက် ခံလိုက်ရသူကတော့ နင့်ရဲ့ ငယ်ချစ်ဦးဖြစ်တဲ့ သဒ္ဒါဆိုတဲ့ ကောင်မလေးက နောက်ဆုံးပဲ"

"ဘား ... အစ်မ ဘာပြောတယ်"

ထိုအချိန်မှာ ကျွန်တော်ပင် အရမ်း အံ့ဩထိတ်လန့် သွားမိ၏။ ထိုလူကြီး၏ နောက်ဆုံးမယား ဖြစ်သွားခဲ့ရတာ၊ င့ါသူငယ်ချင်းရဲ့ အရမ်း ချစ်ရပါတယ်ဆိုသော ကောင်မလေးပဲ ဆိုတာကို သိလိုက်ရလေသော

ကြောင့် ဖြစ်၏။

သူငယ်ချင်း၏ မျက်နှာကို ကြည့်မိ လိုက်သောအခါ၊ နီရဲ လာပြီး ဒေါသ အငွေ့အသက်တို့ ကို မြင်တွေ့လိုက်ရ ပါတော့သည် ။

"ဟုတ်တယ် မောင်လေး၊ အဲဒီသတင်းကို ဒီနယ်တစ်ခွင်လုံး အကုန်သိတယ်၊ မောင်လေးကတော့ ရန်ကုန်မှာ အလုပ်လုပ်ရင်း ကျောင်းတက်နေတာဆိုတော့ ဘယ်သိပ့်ါမလဲ၊ ဒါကြောင့် အခုမှ င့်ါမောင်ကို အစ်မက သူ့အကြောင်းလေး သိသလောက် ပြောပြတာ"

"ဩော်... ဒါကြောင့် ကျွန်တော်မြို့တက်လို့ ကျောင်းတက် နေစဉ်မှာ သူ့ဆီက နောက်ဆုံး ပို့လိုက်တဲ့ စာက ဘာအကြောင်းပြချက်မှ မရှိပဲ ကျွန်တော့်ကို လမ်းခွဲတဲ့ စာ ဖြစ်နေတာကို၊ အခုတော့ ကျွန်တော့်ရင်ထဲမှာ ဟာတာတာ ဖြစ်နေတဲ့ ဝေဒနာ တစ်ရပ်အတွက် အဖြေရှိသွားပြီးမို့ ရှင်းသွားပါပြီ၊ သူကျွန်တော့်ကို ချစ်လျက်နဲ့ ၊ မမြင်နိုင်တဲ့ ဆွဲငင်အား တစ်ခုရယ်ကြောင့် အခုလို သူဆုံးဖြတ်ပြီး ထိုလူကြီးရဲ့ ကြိုးဆွဲရာနောက်ကို ပါသွားခြင်းကြောင့် ပေပဲ ဆိုတာကိုလည်း သဘောပေါက်လိုက်ပါပြီလေ"

ချစ်လျက်နဲ့ ဝေးပြီး ကွေကွင်းခဲ့ရတဲ့ ရှေးဒဏ္ဍာရီဆန်ဆန် ပုံပြင်တွေကို ကျွန်တော် ကြားဖူး မှတ်ဖူးပါသည် ။ တကယ်ချစ်ကြ သူတိုင်းဟာ ဖူးစာမှန်ရင် ပေါင်းကြရမှာ ပဲလို့ လည်း ကျွန်တော် ခံယူထားခဲ့ဘူးသည် ။ သို့သော် ရှေးဒဏ္ဍာရီ ပုံပြင်လေးတွေဟာလည်း တကယ်ပင် မှန်နေသလို ၊ ကျွန်တော့် အဖြစ်မှာ လည်း တိုင်ဆိုင် လွန်းလှပေတော့ သည် ။

ရက်စက်လွန်းလှသည့် လောကကြီးကိုပဲ အပြစ်တင်နေရတော့မည်လော၊ မမြင်နိုင်တဲ့ ကံတရားတစ်ခုကိုပဲ ယိုးမယ်ဖွဲ့ ရတော့မည်လားကိုပင် မသိတော့၊ စစ်မှန်တဲ့ နှလုံးသားတစ်စုံ သူ့အတွက် စတေးခံ လိုက်ရ

တော့မည်လေ၊ စစ်မှန်တဲ့ သူနှစ်ယောက်ရဲ့ ချစ်ခြင်းကို အောက်တန်းကျတဲ့ ပညာရပ်တွေနဲ့ လှည့်စားပြီး သိမ်းပိုက်ရက်တဲ့ ဒီလူကြီးကိုလည်း အရမ်းမုန်းတယ်။ ငါမုန်းသလောက် မင်း သူ့ကို မုန်းနိုင်လာပါစေ၊ သူ့ရဲ့ တဏှာလှောင်အိမ် ကျော့ကွင်းထဲမှ လည်း အမြန်ဆုံး လွတ်မြောက်နိုင်ပါစေလို့ မင်းအတွက် ငါဆုတောင်းပေးရင် ဒီဘဝ ဒီမျှသာပေါ့ ချစ်သူရေ…

***